# ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်နှုန်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၈၉)

၁၃၅၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်နှုန်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်နှုန်းအက်ဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော "ပထမနှင့်ဒုတိယဇယားများ" ဆိုသည့် စကားရပ်ကို "ပထမ၊ ဒုတိယနှင့် တတိယဇယားများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) အောက်ပါကို ပုဒ်မ ၂၊ ပုဒ်ခွဲ (၂)အဖြစ် ဖြည့်စွက်ရမည် -

(၂) နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းများတွင် ပြည်ထောင်စုမြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် တတိယဇယားတွင် ဖော်ပြထားသည့် နှုန်းများဖြင့် အကောက်တော်ခွန် စည်းကြပ်ကောက်ခံရမည်။

(ဂ) တည်ဆဲပုဒ်မ ၂၊ ပုဒ်မခွဲ(၂)၊ (၃)နှင့် (၄)တို့ကို ပုဒ်မခွဲ(၃)၊ (၄) နှင့် (၅)တို့အဖြစ် အသီးသီးပြင်ဆင်ရမည်၊

(ဃ) ပုဒ်မ ၅၊ ပုဒ်မခွဲ(၁) တွင်ပါရှိသော "တတိယဇယား"ဆိုသည့် စကားရပ်ကို "စတုတ္ထဇယား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(င) တည်ဆဲတတိယဇယားကို စတုတ္ထဇယားအဖြစ် ပြန်လည်သတ်မှတ်ရမည်။

**တတိယဇယား**

**(The Third Schedule)**

**နယ်စပ်ဒေသတင်ပို့ကုန်အကောက်တော်ခွန်နှုန်း**

**(Border Trade Export Tariff)**

**[ပုဒ်မ ၂ (၂) ကိုကြည့်။]**

| အမှတ်စဉ် Item No. | ပစ္စည်းအမည် Name of Article | အကောက်တော်ခွန်နှုန်း Rate of Duty |
|---|---|---|
| ၁ | ဆန်နှင့်စပါးမှအပ စိုက်ပျိုးသီးနှံများ (Agricultural produce other than rice and paddy.) | |
| | (က) ပဲအမျိုးမျိုး (Beans, all sorts) | တန်ဖိုး၏ ၂၀ ရာခိုင်နှုန်း။ |
| | (ခ) မီးဖိုချောင်သုံး ဟင်းခတ်အမွှေးအကြိုင် ပစ္စည်းများ (Spices) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| | (ဂ) အုန်းသီးနှင့် အုန်းသီးထွက်ပစ္စည်းများ (Coconuts and coconut products.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| | (ဃ) ကွမ်းသီးနှင့် ကွမ်းသီးထွက်ပစ္စည်းများ (Betelnuts and berelnut products.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| | (င) သီးခြားဖော်ပြထားခြင်းမရှိသော အခြား အသီးအနှံနှင့် သီးနှံထွက်ပစ္စည်းများ (Other fruits, vegetables, cereals, pulses and products thereof, not elsewhere specified.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |

| အမှတ်စဉ် Item No. | ပစ္စည်းအမည် Name of Article | အကောက်တော်ခွန်နှုန်း Rate of Duty |
|---|---|---|
| ၂ | ရေထွက်ပစ္စည်းများ<br>(Marine produce) | |
| | (က) ဆား<br>(Salt.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| | (ခ) ငါးအစို<br>(Fish, fresh) | တန်ဖိုး၏ ၂၅ ရာခိုင်နှုန်း။ |
| | (ဂ) ငါးအခြောက်နှင့် ကြာရှည်အသုံးခံရန် ပြုပြင်ထားသော ရေထွက်ပစ္စည်းများ (ပုစွန်အစိုနှင့် ပုစွန်အခြောက်များကို နယ်စပ်ဒေသများတွင် ပုဂ္ဂလိကများအား တင်ပို့ခွင့်မပြုရ)<br>(Fish, dried and marine products, preserved; private export of prawn, fresh or dried, not allowed at border areas.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| | (ဃ) သီးခြားဖော်ပြထားခြင်းမရှိသော အခြားအရေအတွက်ပစ္စည်းများ<br>(Other marine products, not elsewhere specified) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| ၃ | လူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းများ<br>(Commodities for personal use and food-stuffs.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| | (က) မုန့်ညက်နှင့်မုန့်ညက်ဖြင့် ပြုလုပ်သော စားသောက်ကုန်အမျိုးမျိုး<br>(Flour and food-stuffs made of flours.) | |

| အမှတ်စဉ် Item No. | ပစ္စည်းအမည် Name of Article | အကောက်တော်ခွန်နှုန်း Rate of Duty |
|---|---|---|
| | (ခ) ဆေးလိပ်၊ ဆေးတံသောက်ဆေး၊ ဆေးရွက်ကြီးနှင့်အခြားဆေးရွက်နှင့် ပတ်သက်သော ပစ္စည်းများ (Cigarettes; cigars; cheroots; pipe tobacco; tobacco, unmanufactured and other related products.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| | (ဂ) သီးခြားဖော်ပြခြင်းမရှိသော အခြား စားသောက်ဖွယ်ရာများ (Other food-stuffs, not elsewhere specified.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| ၄ | ကြက်၊ ဘဲ၊ ဝက်၊ သိုး၊ ဆိတ်အရှင်နှင့် ၎င်းတိရစ္ဆာန်များ၏ ပြုပြင်ပြီးပစ္စည်းများ (ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါး တိရစ္ဆာန်များကို နယ်စပ် ဒေသများတွင် ပုဂ္ဂလိကများအား တင်ပို့ခွင့်မပြုရ) (Chicken, duck, pig, sheep, goat, alive and products thereof, fresh and preserved; private export of cattle, buffalo, elephant, horse and rare animals not allowed at border areas.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |
| ၅ | တိရစ္ဆာန်အစားအစာ (Animal feed.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |

| အမှတ်စဉ်<br>Item<br>No. | ပစ္စည်းအမည်<br>Name of Article | အကောက်တော်ခွန်နှုန်း<br>Rate of Duty |
|---|---|---|
| ၆ | သစ်တောထွက်ပစ္စည်းနှင့် ပြုပြင်ပြီး သစ်တောထွက်ပစ္စည်းများ<br>(ကျွန်းသစ်၊ ဆင်စွယ်နှင့် ရှားပါးတိရစ္ဆာန်တို့၏ သားရေများကို နယ်စပ်ဒေသများတွင် ပုဂ္ဂလိက များအား တင်ပို့ခွင့်မပြုရ)<br>(Forest produce, manufactured or unmanufactured; private export of teak, elephant tusks and hides of rare animals not allowed at border areas.) | တန်ဖိုး၏ ၁၅ ရာခိုင်နှုန်း။ |
| ၇ | သီးခြားဖော်ပြထားခြင်းမရှိသော အခြားပစ္စည်း အမျိုးမျိုး<br>(Other articles, not elsewhere specified.) | တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း။ |

# ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်နှုန်းအက်ဥပဒေကို ပြင်ဆင်ခြင်းနှင့် ပတ်သက်သော အကျိုးအကြောင်းဖော်ပြချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူများ စားဝတ်နေရေး ချောင်လည်ပြည့်ဝစေရေး၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဘက်စုံဆက်တိုက်အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ အထူးအားရ ကျေနပ်ဖွယ်ရာကောင်းသည်မှာ ပြည်သူများကိုယ်တိုင် တက်ကြွစွာပါဝင်လာခြင်း၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကကုန်သည်ကြီးများ၏ အခန်းကဏ္ဍစေတနာမှန်၍ ကျယ်ပြန့်လာခြင်းတို့ပင် ဖြစ်ပါသည်။

လက်ငင်းအကျိုးကျေးဇူးတို့ကို အစပျိုးစမ်းသပ် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းတွင်လည်း တွေ့မြင်နေရပြီဖြစ်ပါသည်။ ယင်းလုပ်ငန်း အောင်မြင်သည်ထက် အောင်မြင်အောင် လက်တွေ့အတွေ့အကြုံများအပေါ် မပြတ်သုံးသပ်၍ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် ဆွေးနွေးညှိနှိုင်းရရှိ သောသဘောတူညီချက်များနှင့်အညီ နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းကိုလည်း နိုင်ငံအကျိုး၊ ပြည်သူတို့အကျိုးကို ရှေးရှု၍ တိုးချဲ့သွားမည်ဖြစ်ပါသည်။

နယ်စပ်ဒေသကုန်သွယ်မှု လုပ်ငန်းရှင်တို့သည် အစိုးရက မျှတစွာ စည်းကြပ်သောအကောက်ခွန်တို့ကို ပေးဆောင်ခြင်းဖြင့် လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ် နိုင်ကြပါသည်။ စိတ်ဒုက္ခ ကိုယ်ဒုက္ခကင်းဝေးကြပြီး ရောင်းဝယ်သည့်ပစ္စည်းများလည်း သန့်ရှင်းစင်ကြယ်ပါသည်။ ပြည်သူတို့အကျိုးအတွက် သုံးစွဲရမည့် နိုင်ငံတော်ဘဏ္ဍာကိုလည်း တစ်ဘက်တစ်လမ်း ဖြည့်ဆည်းကြပါသည်။

၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်နှုန်းအက်ဥပဒေတွင် သွင်းကုန်အကောက်တော်ခွန်နှုန်းများကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ထုတ်ကုန် အကောက်တော်ခွန်နှုန်းများကိုမူ ယခုနယ်စပ်ဒေသ ကုန်သွယ်မှုတွင် ပြည်ပသို့ ရောင်းချရန် တိုးချဲ့ခွင့်ပြုထားသည့်ပစ္စည်းများအတွက် ပြဋ္ဌာန်းထားခြင်းမရှိသေးပါ။ ထို့ကြောင့် ယင်းပစ္စည်းများအတွက် အကောက်တော်ခွန်နှုန်းများကို ကုန်ပစ္စည်းအလိုက် မျှတစွာ သတ်မှတ်ကာ ဥပဒေဖြင့် အထင်အရှား ပြဋ္ဌာန်းထားရှိရန် ၁၉၅၃ ခုနှစ်၊ အကောက်တော်ခွန်နှုန်းအက်ဥပဒေကို ပြင်ဆင်ခြင်းဖြစ်ပါသည်။